ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၅၁ /၂၀၁၆)

ဦးမင်းမြတ်စိုးမိုး (ပိုင်ရှင်)
SKYLARK IT Solution & Managed Services၊
အမှတ်(၁၀၆)၊ရတနာအိမ်ရာ၊ ပြည်လမ်း၊ (၉)မိုင်၊
မရမ်းကုန်းမြို့နယ်။
} လျှောက်ထားသူ

နှင့်

ဦးရဲထွဋ်ပါ (၁၈) ဦး
အမှတ်-၅၊ (၂)ရပ်ကွက်၊
စကားဝါလမ်း၊ ဘိုကလေးမြို့နယ်။
} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ပြည်လမ်း၊ ရတနာအိမ်ရာ၊ အမှတ် (၁၀၆)ရှိ ဦးမင်းမြတ်စိုးမိုး ပိုင်ဆိုင်သော SKYLARK IT Solution & Managed Services နှင့် ဦးရဲထွဋ်တို့ အကြားဖြစ်ပွားသော အငြင်းပွားမှုကို မရမ်းကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၁/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ခေတ္တရပ်နားခြင်းအတွက် လုပ်ခလစာနှင့် နစ်နာကြေးများ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ခေတ္တရပ်နားထားသည့် (၅/၂၀၁၆)လအတွက် လစာပေးသင့်၊ မပေးသင့်နှင့် အလုပ်ရပ်စဲမှုအတွက် နို့တစ်ကြေးနှင့် နစ်နာကြေးပေးသင့်၊ မပေးသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) နို့တစ်ကြေးနှင့် နစ်နာကြေးထုတ်ယူခြင်းမပြုရသေးသော ဦးအာကာလွှမ်းပါ (၁၀)ဦးအား ခေတ္တအလုပ်ပိတ်ခဲ့သော (၅/၂၀၁၆) လအတွက် တစ်လစာ၊ နို့တစ်ကြေး တစ်လစာနှင့် လုပ်သက်အလိုက် နစ်နာကြေးတို့ကို (အနည်းဆုံးအခကြေးငွေ ၁၀၈၀၀၀ိ/-) ဖြင့် တွက်ချက်ထုတ်ပေးရန်။

(ခ) နို့တစ်ကြေးနှင့် နစ်နာကြေးထုတ်ယူခဲ့ပြီးသော ဦးအာကာကျော်ပါ(၇)ဦးအား ခေတ္တအလုပ်ပိတ်ခဲ့သော (၅/၂၀၁၆)လအတွက် တစ်လစာကို (အနည်းဆုံးအခကြေးငွေ ၁၀၈၀၀၀ိ/-)ဖြင့် ထုတ်ပေးရန်၊ ထုတ်ပေးခဲ့ပြီးသော နို့တစ်ကြေးတစ်လစာနှင့် လုပ်သက်အလိုက် နစ်နာကြေးတို့ကို (အနည်းဆုံးအခကြေးငွေ ၁၀၈၀၀၀ိ/-) ဖြင့် ပြင်ဆင်တွက်ချက်၍ လိုငွေကိုထပ်မံထုတ်ပေးရန်၊

(ဂ) အလုပ်သမား ဦးဝင်းဇေယျာဖြိုးအနေဖြင့် ခွင့်မဲ့ပျက်ကွက်ကြောင်း၊ အငြင်းပွားတင်ပြမှုမရှိသဖြင့် နစ်နာမှုရှိပါက မြို့နယ်

၇/၈/၁၆

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သီးခြားတင်ပြလျှောက်ထားရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | ၅/၂၀၁၆ လစာ | နို့တစ်ကြေး | နစ်နာကြေး | စုစုပေါင်း | ထုတ်ယူပြီးငွေ | အမှန်ပေးရန်ငွေ |
|---|---|---|---|---|---|---|---|
| ၁ | ဦးရဲထွန်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၃၂၄၀၀၀ | - | ၃၂၄၀၀၀ |
| ၂ | ဒေါ်ငုဝါလင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၃ | ဒေါ်အိဖြူဇင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၄ | ဒေါ်ဆုပိုပိုအောင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၅ | ဦးဇော်မင်းအေး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၆ | ဦးချမ်းဟိန်းစိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၇ | ဒေါ်အေးသန္တာ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၈ | ဦးအာကာလွှမ်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၉ | ဒေါ်ခင်သူဇာမြတ် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၁၀ | ဒေါ်သက်သက်စိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၁၁ | ဒေါ်နိုင်သဇင်ဝင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၃၂၄၀၀၀ | ၁၀၈၀၀၀ | ၂၁၆၀၀၀ |
| ၁၂ | မပြည့်ပြည့်ဖြိုးအောင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၃ | ဦးစည်သူဖြိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | ၈၅၀၀၀ | ၁၃၁၀၀၀ |
| ၁၄ | ဦးအာကာကျော် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၅ | ဒေါ်အေးမြတ်သူ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၀၀၀၀ | ၁၉၀၀၀၀ |
| ၁၆ | ဒေါ်ခင်မို့မို့လွင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၇ | ဒေါ်ဖြူဖြူဝင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၀၀၀၀ | ၁၉၀၀၀၀ |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၇၁/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် ဦးမင်းမြတ်စိုးမိုး(ကိုယ်စား)၊ ဒေါ်ဥမ္မာခင် (HR Manager) မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၅၁/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးအောင်စံတင်၊ အလုပ်ရှင် ကိုယ်စားလှယ် အဖွဲ့ဝင် ဦးဌေးအောင်နှင့် အလုပ်သမား ကိုယ်စားလှယ် အဖွဲ့ဝင် ဦးဌေး တို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသောစာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ခေတ္တရပ်နားထားသည့် (၅/၂၀၁၆)လအတွက် လစာပေးသင့်/မပေးသင့်နှင့် အလုပ်ရပ်စဲမှုအတွက် နို့တစ်ကြေးနှင့် နစ်နာကြေး ပေးသင့်/မပေးသင့်။

<u>သုံးသပ်ချက်</u>

၇။ SKYLARK IT Solution & Managed Services အလုပ်ရှင်သည် (၂-၅-၂၀၁၆) ရက်နေ့တွင် (၅/၂၀၁၆)လအတွက် လုပ်ငန်းအခြေအနေအရ အလုပ်ခေတ္တရပ်နားကြောင်းသာစာဖြင့်အသိပေးမှုရှိကြောင်း၊ ယခင်က EC စာချုပ်ကို ချုပ်ဆိုထားပြီးဖြစ်သော်လည်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ နောက်ထပ်စာချုပ်အသစ် ချုပ်ထားခြင်းမရှိကြောင်း၊ ၂၀၁၆ခုနှစ်၊ဆိုင်နှင့်အလုပ်ဌာနများဥပဒေအရ လုပ်ငန်းပိတ်သိမ်းခြင်း၊ဝန်ထမ်းခန့်ထားခြင်းနှင့်အပြောင်းအလဲလုပ်ခြင်းတို့ကို ပြုလုပ်သည့်နေ့မှစ၍ (၁၀)ရက်အတွင်းသတ်မှတ်ထားသည့်ပုံစံဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားစာ ပို့ရမည်ဖြစ်သော်လည်း၊ (၅/၂၀၁၆)လတွင်

ခေတ္တအလုပ်ရပ်နားမှုအား သက်ဆိုင်ရာဌာနသို့ တင်ပြမှုမရှိကြောင်း၊ အလုပ်သမားများအား အလုပ်ရပ်စဲကြောင်းကို (၁-၆-၂၀၁၆)ရက်နေ့၊ လစာထုတ်သည့်နေ့မှ နှုတ်ဖြင့်တရားဝင် အသိပေးကြောင်း၊ ထိုသို့ အလုပ်ရပ်စဲမည်ကို (၁)လကြိုတင်၍ နို့တစ်စာပေးခဲ့သည့် အထောက်အထားမတွေ့ရှိရကြောင်း၊ အလုပ်ရှင်ဘက်မှတွက်ချက်၍ ပေးအပ်သည့် နို့တစ်ကြေးနှင့် နစ်နာကြေးကို ထုတ်ပေးရာတွင် တိုင်ကြားသူ ဦးအာကာလွှမ်းပါ (၁၀)ဦးမှ ထုတ်ယူခဲ့ခြင်းမရှိဘဲ၊ ဦးအာကာကျော်ပါ (၇)ဦးမှ ထုတ်ယူခဲ့ကြောင်း၊ အလုပ်ရှင်ဘက်မှ တွက်ချက်ခြင်းသည် တည်ဆဲဥပဒေ၊ သာဓကမှုနှင့် မကိုက်ညီကြောင်း၊ အလုပ်သမား ဦးဝင်းဇေယျာဖြိုးမှာ ခွင့်မဲ့ပျက်သဖြင့် အလုပ်ရှင်က နှုတ်ဖြင့်ထုတ်ပယ်ကြောင်း ထွက်ဆိုသော်လည်း စာဖြင့်သက်သေခံ အထောက်အထားမတွေ့ရှိရကြောင်း၊ အလုပ်သမား (၅၃)ဦးကို အလုပ်ရပ်စဲကြောင်း ကြေညာရာတွင် ၎င်းဦးဝင်းဇေယျာဖြိုးပါဝင်သည်ကို တွေ့ရှိရကြောင်း၊ အမှတ်စဉ် (၁၁) ဒေါ်ခိုင်သဇင်ဝင်းသည် အထောက်အထားစာရွက်စာတမ်းအရ ထုတ်ယူပြီးငွေမှာ (၂၁၆၀၀၀/-) ကျပ်ဖြစ်သည်ကို တွေ့ရှိရပြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်၌ အမှတ်စဉ် (၁၁) ဒေါ်ခိုင်သဇင်ဝင်း၏ ထုတ်ယူငွေ (၁၀၈၀၀၀/-)ကျပ်ဟု ဖော်ပြထားသဖြင့် ပြင်ဆင်ဆုံးဖြတ်ရန်လိုအပ်ကြောင်း၊ တောင်းဆိုသူ ဦးဝင်းဇေယျာဖြိုးမှာ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သို့ လာရောက်ခြင်းလည်းမရှိ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းလည်းမရှိသည်ကို တွေ့ရှိရသဖြင့် ထည့်သွင်းဆုံးဖြတ်ရန် မလိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။ ထိုသုံးသပ်ချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) အလုပ်ရှင်ဘက်က တွက်ချက်ပေးသည့် နို့တစ်ကြေးနှင့် နစ်နာကြေး ထုတ်ယူခြင်းမပြုရသေးသည့် ဦးအာကာလွှမ်းပါ (၁၀)ဦးအား တည်ဆဲဥပဒေနှင့်သာဓကမှုများအရ ခေတ္တအလုပ်ပိတ်ခဲ့သော (၅/၂၀၁၆)လအတွက် လုပ်ခလစာ (၁)လစာ၊ နို့တစ်ကြေး (၁)လစာ၊ လုပ်သက်အလိုက်အလုပ်ရပ်စဲမှု နစ်နာကြေးတို့ကို အနည်းဆုံးအခကြေးငွေ (၁၀၈၀၀၀/-)ကျပ်ဖြင့် တွက်ချက်ထုတ်ပေးရန်။

(ခ) အလုပ်ရှင်ဘက်က တွက်ချက်ပေးသည့် နို့တစ်ကြေးနှင့် နစ်နာကြေးထုတ်ယူပြီးခဲ့သော ဦးအာကာကျော်ပါ (၇)ဦးအား ခေတ္တအလုပ်ပိတ်ခဲ့သော (၅/၂၀၁၆)လအတွက် လုပ်ခလစာ (၁)လစာကို အနည်းဆုံးအခကြေးငွေ (၁၀၈၀၀၀/-)ဖြင့် ထုတ်ပေးရန်၊ ထုတ်ပေးခဲ့ပြီးသည့် နို့တစ်ကြေး(၁)လစာနှင့် လုပ်သက်အလိုက် အလုပ် ရပ်စဲမှုနစ်နာကြေးတို့ကို အနည်းဆုံးအခကြေးငွေ (၁၀၈၀၀၀/-)ကျပ်ဖြင့် ပြင်ဆင်တွက်ချက်၍ လိုငွေကို ထပ်မံထုတ်ပေးရန် ပြင်ဆင်၍ ဆုံးဖြတ်သည်။ ဦးရဲထွဋ်ပါ အလုပ်သမား(၁၇)ဦး၏ အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ဇယားကို နောက်ဆက်တွဲဖြင့် ပူးတွဲဖော်ပြထားပါသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍အာဏာတည်စေရမည်။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးငြေအောင် | ဦးအောင်စံတင် | ဦးငြေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

နံ့သာမာဇီကောင်စီ၊ နောက်ဆက်တွဲ

အငြင်းပွားမှုအမှတ်(၅၁/၂၀၁၆)

ဦးရဲထွဋ်ပါ အလုပ်သမား(၁၇)ဦး၏ အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ဇယား

| စဉ် | အမည် | ၅/၂၀၁၆ လစာ | နို့တစ် ကြေး | နစ်နာ ကြေး | စုစုပေါင်း | ထုတ်ယူ ပြီးငွေ | အမှန်ပေး ရန်ငွေ |
|---|---|---|---|---|---|---|---|
| ၁ | ဦးရဲထွဋ် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၃၂၄၀၀၀ | - | ၃၂၄၀၀၀ |
| ၂ | ဒေါ်ငုဝါလင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၃ | ဒေါ်အိဖြူဖြင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၄ | ဒေါ်ဆုပိုပိုအောင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၅ | ဦးဇော်မင်းအေး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၆ | ဦးချမ်းဟိန်းစိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၇ | ဒေါ်အေးသန္တာ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၈ | ဦးအာကာလွှမ်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၉ | ဒေါ်ခင်သူဇာမြတ် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | - | ၂၁၆၀၀၀ |
| ၁၀ | ဒေါ်သက်သက်စိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | - | ၂၇၀၀၀၀ |
| ၁၁ | ဒေါ်နိုင်သဇင်ဝင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၃၂၄၀၀၀ | ၂၁၆၀၀၀ | ၁၀၈၀၀၀ |
| ၁၂ | မပြည့်ပြည့်ဖြိုးအောင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၃ | ဦးစည်သူဖြိုး | ၁၀၈၀၀၀ | ၁၀၈၀၀၀ | - | ၂၁၆၀၀၀ | ၈၅၀၀၀ | ၁၃၁၀၀၀ |
| ၁၄ | ဦးအာကာကျော် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၅ | ဒေါ်အေးမြတ်သူ | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၀၀၀၀ | ၁၉၀၀၀၀ |
| ၁၆ | ဒေါ်ခင်မို့မို့လွင် | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၅၀၀၀ | ၁၈၅၀၀၀ |
| ၁၇ | ဒေါ်ဖြူဖြူဝင်း | ၁၀၈၀၀၀ | ၁၀၈၀၀၀ | ၅၄၀၀၀ | ၂၇၀၀၀၀ | ၈၀၀၀၀ | ၁၉၀၀၀၀ |

ဦးဌေးအောင်
အဖွဲ့ဝင်

ဦးအောင်စံတင်
ဥက္ကဋ္ဌ

ဦးဌေး
အဖွဲ့ဝင်